မည်သူမဆို တိရစ္ဆာန်များ(သိုး၊ဆိတ်၊ကုလားအုပ်) ကိုစောင့်ရှောက်သည့်‌ ခွေး သို့မဟုတ် အမဲလိုက်‌ခွေး မှအပခွေးကို မွေးမြူမည်ဆိုလျှင် သူ၏ ကောင်းမှုမှနေ့စဉ်ကီရာသွ်နှစ်ခုလျော့နည်းသွားလိမ့်မည်

အိဗ်နုအုမရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "မည်သူမဆိုတိရစ္ဆာန်များ(သိုး၊ဆိတ်၊ကုလားအုပ်) ကို စောင့်ရှောက်သည့်‌ ခွေး သို့မဟုတ်
အမဲလိုက်‌ခွေး မှအပ ခွေးကို မွေးမြူမည်ဆိုလျှင် သူ၏ ကောင်းမှုမှနေ့စဉ်ကီရာသွ်နှစ်ခုလျော့နည်းသွားလိမ့်မည်။" စာလင်မ်က ပြောပြသည်- အဘူဟုရိုင်ရဟ်က
'သို့မဟုတ် လယ်ယာစောင့်ခွေး'ဟု ထည့်ပြောလေ့ရှိပြီး အဘူဟိုရိုင်ရဟ်ကိုယ်တိုင်
လယ်ယာရှင်တစ်ဦးဖြစ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် အမဲလိုက်ခြင်း၊ တိရစ္ဆာန်များနှင့်သီးနှံများကို စောင့်ရှောက်ကာကွယ်ရန်မှတစ်ပါး အခြားလိုအပ်ချက်များအတွက်ခွေးမွေးခြင်းကို သတိပေးတားမြစ်ထားသည်။ ထိုသို့လိုအပ်ချက်မရှိဘဲ ခွေးမွေးသူသည်နေ့စဉ် မိမိ၏ ကောင်းမှုအကျိုးမှ ကီရာသွ်နှစ်ခု လျော့နည်းသွားသည်။ ကီရာသွ်၏တိတိကျကျပမာဏကိုအလ္လာဟ်အရှင်မြတ်သာလျှင်သိရှိတော်မူသည်။

http://www.sunnah.global/hadeeth/my/show/2994